မဲဇလီကုန်းကျေးရွာအုပ်စု

မဲဇလီကုန်းကျေးရွာ၊ကျိုက်လတ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

မဲဇလီကုန်းကျေးရွာ၊ကျိုက်လတ်မြို့နယ်။

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊စက်တင်ဘာလ

မာတိကာ ၁-၃

ကျေးဇူးတင်လွှာ ၄

စကားချီး ၄-၅

မဲဇလီကုန်းကျေးရွာသယံဇာတပြမြေပုံ၊ ကျိုက်လတ်မြို့နယ် ၆

မဲဇလီကုန်းကျေးရွာ ရာသီခွင်ပြဇယား ၇

မဲဇလီကုန်းကျေးရွာတွင်းနှင့်ပြင်ပအဖွဲ့အစည်းများရှိမှု(VENN DIAGRAM) ၈

အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် ၉

(၁)နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု ၉-၁၁

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီအနေအထားနှင့်လွှမ်းခြုံသက်ရောက်မှု ၁၁

(က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၁-၁၃

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) ကျန်းမာရေးနှင့်အာဟာရ

(ဂ) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(ဃ) ကျား-မ ရေးရာဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၃-၁၆

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအားလက်လှမ်းမီမှု-လမ်းတံတား၊
လျှပ်စစ်စွမ်းအား၊သတင်း နှင့် ဆက် သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတား နှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၆-၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၁၇-၁၈

(၇) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့်ပုံမှန်စစ်ဆေးခြင်း ၁၈-၁၉

(က) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

(ခ) ငွေကြေးနှင့်ဘဏ်လုပ်ငန်းများ

(ဂ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းပိုင်းဆိုင်ရာအထောက်အပံ့

(ဃ) လမ်းပန်းဆက်သွယ်ရေး

(၈) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၀

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ဦးစားပေးစီမံချက်များ

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ)

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

နောက်ဆက်တွဲ(၃)စီမံကိန်းဇယားများ

လူမှုစီးပွားရေး အခြေအနေ

၁။ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

၂။ သဘာဝအရင်းအမြစ်နှင့်ရာသီဥတုအခြေအနေ

ဇယား(၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်အခြေအနေ

ဇယား(၃) ခတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ဇယား(၄) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ဇယား(၅) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား(၆) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၇) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား(၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ဇယား(၁၀) ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား(၁၁) ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ

ဇယား(၁၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့်ဝန်ဆောင်မှုများ

ဇယား(၁၄) လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား(၁၅) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ

၆။ ပညာရေး

ဇယား(၁၆) ကျောင်းတက်နှုန်း

ဇယား(၁၇) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ

၇။ ကျန်းမာရေး

ဇယား(၁၈) အဖြစ်များသော ရောဂါများ

ဇယား(၁၉) လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား(၂၀) ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ

ဇယား(၂၁) သောက်သုံးရေ ရရှိနိုင်မှု

ဇယား(၂၂) အိမ်သာအမျိုးအစား

၈။ ဘေးအန္တရာယ်ထိခိုက်မှုအခြေအနေများ

ဇယား(၂၃) ကျေးရွာ၏ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များအခြေအနေ

၉။ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များအခြေအနေ

၁၀။ ကျား- မ ရေးရာ

ဇယား(၂၅) ကျား-မ ရေးရာ

ကိုးကားစာရင်း

**ကျေးဇူးတင်လွှာ**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၁၈ ခု(၆)လ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည် ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ရှေးဦးစွာစီမံချက် ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေး သောကျေးရွာအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများ၊ရပ်မိရပ်ဖများပါဝင်ဆောင်ရွက်ပေးကြပါ သောကျေးရွာသူ/ကျေးရွာသားများ အားလုံးကို လည်းအထူးကျေးဇူးတင်ရှိပါသည်။

**စကားချီး**

ကျွန်ုပ်တို့ကျေးရွာတွင် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စုပေါင်းစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြ သော်လည်းအားလုံးပူးပေါင်းပါဝင် ဆောင်ရွက်မှုအားနည်းခဲ့ပါသည်။ စနစ်တကျပူးပေါင်းဆောင်ရွက် နည်းကို အသုံးပြု၍ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် လိုအပ်ချက်နှင့်အခက် အခဲများတွေ့ရှိခဲ့ရပါသည်။ သို့ပါသော်လည်း ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့အရေးပါမှုကို သိရှိရုံသာ မကကျေးရွာအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင်လိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်း စွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာသည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက် သည့်အခက်ခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီစအစဉ်များကိုမူဘောင်အတွင်းပြုပြင် ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်ကိုဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုပေါင်းဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှု များဆက်လက်ရရှိမည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့

၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာအချက်အလက်၊အကြောင်းအရာများဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

**စက်တင်ဘာလ၊၂၀၁၈**

**ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့**

**မဲဇလီကုန်းကျေးရွာ၊ကျိုက်လတ်မြို့**

မယ်ဇလီကုန်းကုန်းကျေးရွာတည်နေရာပြမြေပုံ



# မဲဇလီကုန်းကျေးရွာအုပ်စု၊ မဲဇလီကုန်းကျေးရွာ

ရာသီခွင်ပြဇယား

| စဉ် | လများ | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
| ၁ | ရာသီဥတု | နေပူ | မိုး | မိုးရွာ | မိုးရွာ | မိုးရွာ | နေ | နေ | နှင်းကျ | နှင်းကျ | နှင်းကျ | နေ နှင်း | နေပူ |
| ၂ | ပွဲတော်များ | သင်္ကြန် | ညောင်ရေသွန်ပွဲ | | ဝါဆိုသင်္ကန်း | | | မီးထွန်းပွဲ | ကထိန်ပွဲ | | | ထမနဲပွဲ | ဘုရားပွဲ |
| ၃ | လယ်ယာလုပ်ငန်း | စပါးသိမ်း | စပါးစိုက် | စပါးစိုက် | စပါးစိုက် | | | စပါးသိမ်း | စပါးသိမ်း | စပါးစိုက် | စပါးစိုက် | | စပါးသိမ်း |
| ၄ | ရေလုပ်ငန်း | | | | ငါးရှာ | ငါးရှာ | ငါးရှာ | | | | | | |
| ၅ | ကျပန်း/ဘောက် | ကျပန်း ဘောက် | ကျပန်း ဘောက် | ကျပန်း ဘောက် | ကျပန်း ဘောက် | | | | | | | | |
| ၆ | ဝမ်းစာဖူလုံမှု | ဖူလုံ | ဖူလုံ | ဖူလုံ | သင့်တင့် | သင့်တင့် | [illegible] | ဖူလုံ | ဖူလုံ | ဖူလုံ | သင့်တင့် | [illegible] | ဖူလုံ |
| ၇ | သီးနှံနှင့်မွေးမြူရေး တိရစ္ဆာန်ရောဂါ ကျရောက်မှု | | | | | | | | | | | သီးနှံပျက်စီး | သီးနှံပျက်စီး |
| ၈ | သဘာဝဘေး အန္တရာယ်ကျရောက်မှု | | မုန်တိုင်း | မုန်တိုင်း | ရေကြီး | ရေကြီး | မုန်တိုင်း | | | | | | |



ရွာတွင်း
၁။ ပရဟိတ
၂။ ဓမ္မစကူးလ်
၃။ အမျိုးသမီး
၄။ မိဘမဲ့ကလေး
၅။ မီးသတ်
၆။ ကြက်ခြေနီ
၇။ ရပ်မိရပ်ဖ
၈။ ပြည်သူ့စစ်
ရွာပြင်

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်**

**၁။ နိဒါန်း**

**(က) ရည်ရွယ်ချက်**

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အကူအညီပေးနိုင်သော အဖွဲ့အစည်းများနှင့် ဆွေးနွေးပြောဆိုရာတွင် နည်းစနစ်တကျ လုပ်ငန်းအစီအစဉ်ကျကျနန ပြောဆိုဆွေးနွေးနိုင်ပြီး ကျေးရွာလူထုမှလည်းမိမိတို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအားအဆင်အဆင့်ပြုလုပ်ဆောင်ရွက်နိုင်စေရန် နှင့်သက်ဆိုင်အကျိုးဝင်သော စီမံကိန်းဖြစ်လာစေရန်အများမှလိုတိုးပိုလျော့ဝိုင်းဝန်းအကြံပေးပြုပြင် ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း**

ကျွန်ုပ်တို့ကျေးရွာသည် ယခင်က UNDP ဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်ခဲ့သဖြင့် ကျေးရွာ ပြည်သူလူထုသည် ဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲခြင်းအား ထိုက်သည့်အားလျော်စွာ သိရှိနေကြ ပါသည်။သို့သော်လည်း စိတ်ပါဝင်စားမှုအနည်းအများပေါ်လိုက်၍ သိရှိမှုလည်း မတူညီနိုင်ကြပါ။ ကျေးရွာနှင့်ပတ်သက်သောဖွံ့ဖြိုးရေးဆိုင်ရာသတင်းအချက်အလက်များကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဓိက လိုအပ်သောနည်းပညာများ ရုပ်ဝတ္ထုပစ္စည်းများ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးသင်တန်းများ လိုအပ်ကြောင်း သိသာထင်ရှားနေပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ရေးဆွဲရာတွင်ယခုလက်ရှိကျေးရွာအခြေအနေနှင့် နောင်လာမည့် (၅)နှစ်အတွင်းဆောင်ရွက်ရန်လိုအပ်ချက်များ၊ စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ရာတွင် လည်း(၅)နှစ်တာကာလအားအခြေခံ၍ နောင်နောင်လည်းယခုကဲ့သို့စဉ်ဆက်မပြတ် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် အစီအစဉ်များ နည်းဗျူဟာများ၊စီမံချက်များကိုလည်း ချမှတ်ထားပါသည်။ ဖွံ့ဖြိုးရေးမိတ်ဖက်ဖြစ်သောအဖွဲ့အစည်းတို့လည်းကျေးရွာအပေါ်အာရုံစိုက်လာ၍ ဖွံ့ဖြိုးရေးလုပ်ငန်း စဉ်များလာရောက်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်ပါသည်။

ကျွန်ုပ်တို့ကျေးရွာအဆင့်ဖွံ့ဖြိုးရေးစီမံကိန်းအားလည်းသက်ဆိုင်ရာဌာနများမှကူညီဆောင်ရွက် ပေးနိုင်ရန်အထက်အဖွဲ့အစည်းများအဆင့်ဆင့်သို့လည်း တင်ပြသွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စီမံကိန်း တွင် လိုအပ်ချက်များ အပေါ်သက်ဆိုင်ရာအဖွဲ့အစည်းများ၏လမ်းညွှန်ချက်များ သြဝါဒများ ကို ခံယူလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများလည်းကျေးရွာ၏လိုအပ်ချက်များအမှန်တကယ်ဖြစ်ပေါ် နိုင်မှု အခြေအနေနှင့် ပြည်သူလိုလားချက်များအားသိရှိပြီး ပိုမိုအကူအညီပေးလာနိုင်မည်ဖြစ်ပါသည်။

ပြည်တွင်းပြည်ပအဖွဲ့အစည်းများကုမ္ပဏီများနှင့်နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များအနေဖြင့်လည်းကျေးရွာဒေသဆိုင်ရာအချက်အလက်များစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများလူနေမှုအဆင့်အတန်းများပညာရေးကျန်းမာရေးဆိုင်ရာအချက်အလက်များကိုသိရှိပြီးကျေးရွာနှင့်လိုက်လျောညီထွေရှိနိုင်မည့် အကူအညီအထောက်အပံ့များအား စိတ်ဝင်စားပါက လုပ်ပေးနိုင်စေရန်ရည်ရွယ်ပါသည်။

**နိုင်ငံတော်အစိုးရ အဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေး စီမံချက်ကို မြို့နယ်အဆင့်၊ပြည်နယ်အဆင့် ၊ တိုင်းအဆင့်၊ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏လိုလားချက်နှင့် ၄င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့်အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထုအမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက် ရမည့်လုပ်ငန်းများကို ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားငွေချေးလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။ နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်အား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော၄င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်၊နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၄င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း ပြုလုပ်လာနိုင်ပါသည်။

**(ခ) စီမံကိန်း ၏လွှမ်းခြုံသက်ရောက်မှု**

ယခုဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကျေးရွာသူ/သားများ အားလုံးစုပေါင်းပါဝင်၍ မိမိသဘောမိမိတင်ပြကာ ပွင့်ပွင့်လင်းလင်း မြင်မြင်သာသာ စုပေါင်းရေးဆွဲထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မိမိတို့သဘောဆန္ဒအလျောက်ရေးဆွဲထားသည့် လုပ်ငန်းအစီအစဉ်များဖြစ်သောကြောင့်အားတက်သရောပါဝင်ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်၊စီမံကိန်းသည်ကျွန်ုပ်တို့နှင့်အလားတူဖွံ့ဖြိုးရေးကိုလိုလားသာ တစ်ခြားကျေးရွာနှင့်ကျေးရွာသူကျေးရွာသားများအတွက်ပါ အထောက်အပံ့တစ်စုံတစ်ရာဖြစ်စေမည် ဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား**

မဲဇလီကုန်းကျေးရွာသည်ပန်သပွတ်မြစ်ကမ်းတစ်လျှောက်မြစ်ရိုးအတိုင်းတည်ရှိပါသည်။အစိုးရရုံးစိုက်ရာကျိုက်လတ်မြို့သို့ရေကြောင်းလမ်း၊ကုန်းကြောင်းလမ်းတို့ဖြင့်သွားလာနိုင်ပါသည်။ကျိုက်လတ်မြို့နှင့်(၇)မိုင်ခန့်ဝေးပါသည်။ ကျေးရွာမှ မြစ်တဖက်ကမ်းသို့ စက်လှေ၊သင်္ဘောတို့ဖြင့် ကူကာ မအူပင်ကျိုက်လတ်ကားလမ်းမကြီးပေါ်သို့ရောက်ရှိသွားလာနိုင်ပါသည်။ ကျေးရွာသည်မြေပြန့်ဒေသ ဖြစ်ပြီးစိုက်ပျိုးရေးလုပ်ငန်းကိုအဓိကထားလုပ်ကိုင်ကြပါသည်။ကျေးရွာ၏လယ်ကွင်းများသည်သုံးခွကျွန်း၊ကျွန်းပတ်တာမှရေကြီးနစ်မြုပ်ခြင်းကိုကာကွယ်ပေးပါသည်။ရွှံ့ခရုသည်ကျေးရွာလယ်မြေများတွင် အနည်းငယ်တွေ့ရသော်လည်းပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်လောက်အောင်မရောက်သေးပါ။ မိုးရာသီ တွင် မိုးရေဖြင့်စိုက်ပျိုးရေကို လုံလောက်စွာလုပ်ကိုင်နိုင်ပြီးနွေရာသီတွင်ချောင်းမြောင်းများမှ ရေကို ရေတင်စက်ဖြင့် မောင်းယူလုပ်ကိုင်ရပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

လယ်ယာမြေများရှိပြီးဥယျာဉ်ခြံမြေများအနည်းငယ်ရှိပါသည်။လယ်(၅၁၇)ကေအားမိုးစပါး၊နွေစပါးအဖြစ်တစ်နှစ်လျှင်နှစ်သီးစိုက်ပျိုးကြပါသည်။ဥယျာဉ်ခြံမြေများတွင်ကွမ်း၊ကွမ်းသီး၊ငှက်ပျောများ နှင့် အခြားရာသီပင်များစိုက်ပျိုးကြပါသည်။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာ အချက်အလက်များ**

အိမ်ထောင်စုပေါင်း (၁၈၄)စုနှင့် ကျား(၃၄၇)၊ မ(၃၇၄)ဦးဖြင့် လူဦးရေပေါင်း(၇၂၁) ရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ လူဦးရေ(၃.၉)ဦးနှုန်းရှိပြီးနိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှလူဦးရေ ၅ဦးထက်လျော့နည်းသည်။ကျေးရွာတွင်ဗမာလူဦးရေအများဆုံးနေထိုင်ကြသည်။ကျေးရွာတွင်အလုပ်လုပ်နိုင်သောလူဦးရေမှာလူဦးရေပေါင်း၏(၄၉၉)ဦးခန့်ရှိပါသည်။ကျားမဦးရေမှာကွာခြားမှုသိပ်မရှိပါ။ အလုပ်လုပ်နိုင်စွမ်းရှိသောအမျိုးသားဦးရေအချို့မှာတစ်ခြားဒေသတွင်သွားရောက်အလုပ်လုပ်ကိုင်နေကြသူများရှိပါသည်။ ကျေးရွာတွင်နည်းပညာနှင့်အလုပ်အကိုင်အခွင့်အလမ်းများရရှိပါအဆင်ပြေလာနိုင်မည်ဖြစ်ပါသည်။ ကျေးရွာတွင်းသော်လည်းကောင်း၊ကျေးရွာ၏အနီးနာသော်လည်းကောင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိဖြစ်ပေါ်အောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

## (ခ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင်ဆေးဆပေးခန်းမရှိပါ။ မြစ်တစ်ဖက်ကမ်းရှိ သပြုဆိပ်ညောင်းချောင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ဆရာမများလစဉ်ကာကွယ်ဆေးထိုးခြင်းနှင့်ကျန်းမာရေးဆောင်ရွက်ချက်များလာရောက်လုပ်ဆောင်ကြပါသည်။ ရောဂါကြီးများဖြစ်ပွားပါကကျိုက်လတ်၊မအူပင်စသောဆေးရုံကြီးများသို့သွားရောက်ကုသကြရပါသည်။ ကျေးရွာတစ်ရွာလုံးယင်လုံအိမ်သာအသုံးပြုကြပါသည်။သောက်သုံးရေအတွက်မြစ်ရေကိုအဓိကထားသောက်ကြပါသည်။ မိုးတွင်းဘက်တွင်မိုးရေကိုသောက်သုံးကြပါသည်။သောက်သုံးရေအတွက် UNDP မှ ဆောင်ရွက်ပေးထားသော ဂါလံ(၆၀၀၀)ဆံ့ မိုးရေလှောင်ကန် (၃)လုံးရှိပါသည်။ငင်းရေကန်များနှင့်ကျေးရွာတစ်ခုလုံးအတွက်ရေလုံလောက်ရန်အခက်အခဲရှိပါသေးသည်။ဒေသထွက်သီးနှံများနှင့်မြို့ပေါ်မှသား၊ငါးများကိုဝယ်ယူစားသောက်ကြပါသည်။

## (ဂ) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာတွင်မူလတန်းကျောင်းရှိပါသည်။ အထက်တန်းပညာအား(၁)မိုင်ကျော်ခန့်ဝေးသော သပြုဆိပ်ညောင်ချောင်းကျေးရွာရှိအထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားကြပါသည်။ ကျေးရွာရှိ ကလေးများသည် အလယ်တန်းပညာလောက်သာ အများဆုံးသင်ကြားကြပြီး (၃၀%) လောက်သာအထက်တန်းနှင့်တက္ကသိုလ်အဆင့်မြင့်ပညာများသင်ကြားကြရပါသည်။ဘွဲ့ရများ အထိုက်အလျောက် ရှိသော်လည်း အလုပ်အကိုင်ရှားပါးမှုကြောင့်တနယ်တကျေးသို့ သွားရောက် အလုပ်လုပ်ကိုင်နေကြရပါသည်။ကျေးရွာတွင်ကျောင်းနေအရွယ်များနှင့်မိုခိုသူများသာအများစုနေထိုင်ကြပါသည်။

## (ဃ) ကျား-မရေးရာဆိုင်ရာ

ကျေးရွာတွင်ကျားမရေးရာကိစ္စဆိုင်ရာအနေအထားမှာပိုမိုလွတ်လပ်မှုရှိသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တွင်လည်းအမျိုးသမီးများ(၁၀%)ခန့်ပါဝင်ကြပါသည်။ မိန်းကလေးများအပေါ်ခွဲခြား၍ နှိမ့်ချဆက်ဆံခြင်းမျိုးမရှိကြပါ။ကျေးရွာဘာသာရေးပွဲလမ်းသဘင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအစည်းအဝေးများတွင်မိန်းကလေးများသာအများစုတွေ့မြင်ရပါသည်။ ကျောင်းနေကလေးများတွင်လည်းကျားမဦးရေအများကြီးကွာဟမှုမရှိပါ။ လုပ်အားခနှုန်းထားမှသာအမျိုးသမီးများသည်အမျိုးသားများလောက်လုပ်ခတန်းတူမရကြပါ။အမျိုးသမီးများစွမ်းဆောင်ရည်နှင့်နေရာတိုင်းတွင်ပါဝင်နိုင်မှုမြှင့်တင်ပေးပါကနောက်နောင်တွင်မျိုးသမီးများလည်းအမျိုးသားများနှင့်တန်းတူအခွင့်အရေးများရရှိနိုင်မည်ဖြစ်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်လူမှုရေးဆိုင်ရာအဖွဲ့(၂)ဖွဲ့၊ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့(၃)ဖွဲ့ရှိပါသည်။ အမျိုးသားဝတ်အသင်းသည်ဂေါပကအဖွဲ့ဝင်အများစုနှင့်ဖွဲ့စည်းထားပြီးကျေးရွာ၏သာရေးနာရေး၊ ဘာသာရေးကိစ္စများတွင်တက်တက်ကြွကြွပါဝင်ဆောင်ရွက်ကြပါသည်။ဝါဆိုလပြည့်ကျော်(၁)ရက်နေ့ ကျေးရွာအနီးပတ်ဝန်းကျင်မှဘုန်းကြီးကျောင်းအတွင်းရှိအများကြည်ညိုလေးစားရသောဆရာသမားများကန့်တော့ခြင်း၊ နှစ်ဆန်း(၁)ရက်နေ့တိုင်း ကျေးရွာတွင်းမှ အသက်(၇၀)ကျော်ဘိုးဘွားများအား ပူဇော်ကန်တော့ခြင်းများကိုလည်းစီမံဆောင်ရွက်ကြပါသည်။ ပတ်အပြည့်ပြည့်ဆိုင်ရာငွေကြေးဝန်ဆောင်မှုအထဖွဲ့လည်းရှိပါသည်။အဖွဲ့အစည်းအချင်းချင်းညှိနှိုင်းဆွေးနွေးလုပ်ဆောင်ကြပါသည်။သိန်းသန်းအောင်အဖွဲ့(၁)နှင့်အဖွဲ့(၂)သမအသင်းလည်းရှိပါသည်။သမအသင်းသာများသည်လည်းအသင်းနှင့်ပတ်သက်သည့်အချက်အလက်များသိရှိခြင်းဖြစ်သည်ကိုတွေ့ရှိရပါသည်။ သမဝယမနှင့်ပတ်သက်သောသင်တန်းများအတွေ့အကြုံရှင်းလင်းပွဲများကျေးရွာသို့လာရောက်လုပ်ဆောင်ပေးပါရန်ပိုမိုအဆင်ပြေနိုင်ပါသည်။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေး ကဏ္ဍ

မဲဇလီကုန်းကျေးရွာတွင်မိုးစပါးနှင့်နွေစပါးကို အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ကေ (၅၁၇) ကေ ရှိပြီး သီးထပ်အဖြစ် နွေစပါး(၅၁၇)ကေကို စိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှအတွက်မှာ (၄၀)တင်း နှင့် နွေစပါး(၁၀၀)တင်းတို့ ထွက်ရှိကြပါသည်။ နွေစပါးကေ(၅၁၇)ကေကို ချောင်းရေမှ ရေသွင်းစိုက်ပျိုး ကြပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှုများရရှိနိုင်ကြပြီးစိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက်ဝန်ဆောင်မှုများပေးသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားရှားပါးမှုနှင့် ပြဿနာများကြုံတွေ့နေရပြီးစိုက်ပျိုးချိန်နောင်ကျမှုကြောင့်သဘာဝဘေးအန္တရာယ်များကြုံတွေ့ရမှုများရှိပါသည်။စက်မှုလယ်ယာအဖြစ်
အသွင်ပြောင်းနိုင်ရေးနည်းစနစ်များနှင့်စနစ်တကျရှိသောကြဲခင်းစနစ်များလုပ်နိုင်ရန် လိုအပ်ပါသည်။

ကျေးရွာတွင်ဒေသထွက်မျိုးရင်းများဖြစ်သောဝက်၊ကြက်၊ဘဲတို့ကိုသာမွေးမြူကြသည်။ရောဂါဖြစ်ပွားမှုများရှိပြီးကျေးရွာတွင်ကျွမ်းကျင်စွာကုသတက်သူများမရှိသဖြင့်အပျက်အစီးအသေအပြောက်များရှိပါသည်။ကျွမ်းကျင်သောသင်တန်းဆင်းများရှိပါကပိုမိုအဆင်ပြေနိုင်ပါမည်။ပတ်မြန်မာငွေကြေးဝန်ဆောင်မှုအဖွဲ့မှချေးငွေများတစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ စီးပွားဖြစ်မွေးမြူနိုင်လောက်သောချေးငွေများထုတ်ချေးပေးနိုင်ပါက ကျေးရွာအတွက်အထောက်အကူထဖြစ်နိုင်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာနေ့စား၊ခေါင်းရွက်ဗျပ်ထိုး၊ကုန်းထမ်း၊သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ဈေးရောင်း၊အပ်ချုပ်၊ကြုံရာကျပမ်းနှင့်အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြပါသည်။ဝန်ထမ်းများမှလွဲ၍ကျန်သူများမှာနေ့စဉ်ပုံမှန်ဝင်ငွေမရှိကပါ။ရာသီဥတုနှင့်လုပ်ငန်းအမျိုးအစားပေါ်မူတည်၍လုပ်ကိုင်ရကြပါသည်။လက်လုပ်လက်စားလုပ်ငန်းများမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးပါသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သော ကျေးရွာများပြားခြင်းက ကျေးရွာ၏ အလား အလာ ကောင်းတစ်ရပ်ဖြစ်သည်။

## (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ စီမံခန့်ခွဲမှု

ကျေးရွာရှိပြည်သူများသည် စပါးခင်းနှင့်အခြားသီးနှံများတွင် ပိုးသတ်ဆေးနှင့်ဓါတ်မြေသြဇာများနည်းစနစတကျလိုက်နာသုံးစွဲခြင်းမပြုနိုင်သေးသည့်အတွက် ပတ်ဝန်းကျင်ထိခိုက်မှုဖြစ်နေပါသည်။စနစ်ကျသောသုံးစွဲနည်းများသိရှိရန်ပညာပေးသင်တန်းများလိုအပ်ပါသည်။စွန့်ပစ်အမှိုက်များကိုလည်းစနစ်တကျစွန့်ပစ်မှုအားနည်းနေသည်ကိုတွေ့ရှိရပါသည်။ သစ်ပင်စိုက်ခြင်း၊အလေ့အကျင့်ရှိသော်လည်းရှင်သန်ကြီးထွားအောင်ဆောင်ရွက်မှုအပိုင်းအားနည်းနေပြီးအပင်ကြီးများအားခုတ်လှဲမှုများပြားနေသည်။သို့ဖြစ်ပါ၍သစ်ပင်များခုတ်ယူသုံးစွဲခြင်းနှင့်စိုက်ပျိုးရေးအပိုင်းကိုထိရောက်သိရှိနားလည်နိုင်ရန်ဟောပြောပွဲများပြုလုပ်ပေးရန်လိုအပ်ပါသည်။ကျေးရွာတွင်သယံဇာတထွက်ရှိခြင်းမရှိပါ။နှစ်စဉ်မိုးဦးကျများတွင်ဖြစ်ပေါ်လေ့ရှိသောမုန်တိုင်းများ၏အန္တရာယ်ကိုတော့ခံစားကြရပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူလယ်သမားများသည်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးပေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း(၆.၇)ကျပ်တိုး၊ တစ်ဧက(၁၅၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး(၁၀)ဧက ချေးယူနိုင်ကြသည်။ကျေးရွာတွင်PactMyanmarအဖွဲ့အစည်းများရှိပြီး လစဉ်အရစ်ကျပေးသွင်းပုံစံဖြင့်ငွေစုငွေချေးလုပ်ငန်းများကိုဆောင်ရွက်လျှက်ရှိပါသည်။စည်းကမ်းပိုင်းတွင်လည်းတင်းကျပ်ထားပါသည်။သမအသင်းစုတို့မှချေးငွေများအထိုက်အလျောက်ရှိသော်လည်းတောင်သူများ၏လိုအပ်ချက်ကို ပြည့်မီမှုမရှိနိုင်သေးပါ။ အချို့အိမ်ထောင်စုများသည် ရွာထဲမှ မိတ်ဆွေ၊မိသားစုထံမှ ချေးယူကြပါသည်။ပုဂ္ဂလိကများထံမှချေးငွေတို့သည် အတိုးနှုန်းမြင့်မားသဖြင့်တောင်သူများရင်းနှီးလုပ်ကိုင်ရန် လိုအပ်သလောက်ချေးပေးနိုင်ပါက ပိုမိုကောင်းမွန်ဖွံ့ဖြိုးလာနိုင်ပါသည်။

## (စ) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ရွာသားများသည် အဓိကမြစ်ရေကိုသာသောက်သုံးကြပါသည်။ ကျေးရွာတွင်မြေသားကန် တစ်ကန်နှင့်ဂါလံ(၆၀၀၀)ဆံ့မိုးရေလှောင်ကန်(၃)ကန်ရှိသော်လည်းမိုးရာသီတွင်သာမိုးရေကိုသောက် သုံးကြပြီးပွင့်လင်းရာသီတွင်ရေကြည်လာပါကမြစ်ရေကိုသာသောက်သုံးကြပါသည်။ တစ်ရွာလုံး ယင်လုံအိမ်သာများဆောက်လုပ်သုံးစွဲကြပါသည်။ စိုက်ပျိုးရေးသမားများ၏ဆေးဝါးသုံးစွဲမှုများနှင့် ကျေး ရွာတွင်းရှိ ဖွဲ့ခွင်၊ဂါတ်စ်များမြစ်ထဲရေများပြန်ထုတ်ခြင်းကြောင့်ပတ်ဝန်းကျင်သန့်ရှင်းမှုအား အလွန်နည်းပါသည်။

## (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက်ကျေးရွာတွင်အပန်းဖြေအနားယူနိုင်သည့်နေရာသီးသန့်မရှိပါ။ လူငယ်များ သည်ပွင့်လင်းရာသီရောက်မှသာ ဘောလုံးကွင်းဘောလီလဘောကွင်း၊ခြင်းဝိုင်းများကစားကြပါသည်။ ကလေးသူငယ်များယဉ်ကျေးလိမ္မာရေးအတွက် ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဓမ္မစကူးလ် သင်တန်းကျောင်းဖွင့်လှစ်သင်ကြားနေပါသည်။ ကျေးရွာနှင့်အနီးပတ်ဝန်းကျင်ကျေးရွာများတွင် သာရေး၊နာရေးကိစ္စများပေါ်ပေါက်လာပါကကျေးရွာရှိလူငယ်များမှမိမိတို့တာဝန်ကျရာလုပ်ငန်းများကို စုစုစည်းစည်းညီညီညာညာသွားရောက်လုပ်ကိုင်ကြပါသည်။ သရုပ်ပျက်ဝတ်စားဆင်ယင်မှုမျိုးများ လည်းကျေးရွာတွင်မရှိပါ။

**(ဇ) အခြေခံအဆောက်အဦး -လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာတွင် ရွာလမ်းမတစ်ခုသာရှိပြီး ကိုယ်ထူကိုယ်ထကွန်ကရစ်လမ်း(၅)ပေအကျယ်ခင်းထားပါသည်။လမ်းမှာပေါက်ပြဲပျက်စီးနေပြီးစက်ဘီး၊ဆိုင်ကယ်များနှင့်ခြေလျင်လျောက်သူများပိုများပါသည်။စပါးပေါ်ချိန်တွင်ထော်လာဂျီများအနည်းငယ်မောင်းပါသည်။ကျေးရွာလမ်းမပေါ်တွင်ကွန်ကရစ်တံတား(၄)ခုဆောက်လုပ်ထားပါသည်။မြို့သို့ဆက်သွယ်ရန်ရေလမ်းကိုအဓိကအသုံးပြုကြပါသည်။မြစ်တစ်ဖက်ကမ်းသို့ကူး၍ဆိုင်ကယ်၊ထော်လာဂျီ၊မော်တော်ကားတို့ဖြင့်အသုံးပြုကြပါသည်။ကျေးရွာတွင်ဘတ္တရီအားသွင်းခြင်းလုပ်ငန်းလုပ်ကိုင်နေသူ(၂)ဦးရှိပါသည်။ လျှပ်စစ်ဓါတ်အားလိုခြင်သော်လည်းလျှပ်စစ်ဓါတ်အားလိုင်းနှင့်အနည်းအလှမ်းဝေးခြင်း၊ကျေးရွာမှငွေကြေးမတက်နိုင်ခြင်းကြောင့်လျှပ်စစ်မီးမရရှိသေးပါ။ကျေးရွာတွင်ဖုန်းအားအိမ်တိုင်းနီးပါးသုံးစွဲပြပါသည်။သတင်းစာများဖက်ခြင်းအလေ့အကျင့်များမရှိသေးပါ။ဖုန်းအင်တာနက်မှသတင်းအချက်အလက်များနှင့် TV ရေဒီယိုများမှသတင်းအချက်အလက်များကျေးရွာအုပ်ချုပ်ရေးအဖွဲ့၏ အရေးကြီးသတင်းများရရှိလိုက်နာဆောင်ရွက်နေရပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင်အုပ်ချုပ်ရေးမှူးရုံးရှိပါသည်။ရပ်မိ၊ရပ်ဖများရာအိမ်မှူး၊ဆယ်အိမ်မှူးနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများမှကျေးရွာတည်ငြိမ်အေးချမ်းရေးနှင့်ကျေးရွာလူထုအစည်းအဝေးတိုင်းဆောင်ရန်၊ရှောင်ရန်များပြောဆိုနေသဖြင့်ကျေးရွာတွင်ရာဇဝတ်မှုဖြစ်ပွားခြင်းအလွန်နည်းပါးပါသည်။ ပြည်သူ များ၏အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက်လည်းလိုအပ်ရင်လိုအပ်သလိုအစီအစဉ်များချမှတ်လုပ်ကိုင်ကြပါသည်။ သဘာဝဘေးအန္တရာယ်များကျရောက်ပါကယခင် UNDPစီမံကိန်းရှိစဉ်ကကြိုတင်ပြင်ဆင်သတိပေးမှုများ၊လေ့ကျင့်သင်တန်းပေးထားမှုများကြောင့်အထိုက်အလျောက်အတွေ့အကြုံဗဟုသုတများရှိနေပါသည်။ ထိုအတွေ့အကြုံဗဟုသုတများဆက်လက်ရှင်သန်နေရန်ထပ်ကာထပ်ကာလေ့ကျင့်သင်တန်းများပေးနိုင်ပါကပိုမိုကောင်းမွန်ပါမည်။ရဲစခန်းနှင့်(၇)မိုင်ခန့်ဝေးပြီးဖုန်းနှင့်ဆက်သွယ်ရပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ**

ကျေးရွာ၏ကျေးရွာသည်ဆက်သွယ်ရေးအတွက်ကားလမ်းနှင့်တိုက်ရိုက်ဆက်သွယ်နိုင်သော်

လည်းကျေးရွာသည်ဆက်သွယ်ရေးအတွက် ကားလမ်းနှင့်တိုက်ရိုက်ဆက်သွယ် နိုင်သော်လည်း ကျေးရွာ၏ ကျွန်းပတ်သုံးခွကျွန်းပတ်တာမှ မအူပင်ပန်သပွတ်တံတားသို့ သွားနိုင်သည့်အတွက် ကျွန်းပတ်တာသည်ကားလမ်းပြုလုပ်ပေးနိုင်ပါကကျေးရွာ၏ဖွံ့ဖြိုးမှုသည်အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။ ကျေးရွာ၏ ထွက်ကုန်များဖြစ်သော ကွမ်း၊ ငှတ်ပျော၊ သဘော်ာစသော သီးနှံများကို မြို့သို့ တိုက်ရိုက်တင်ပို့ရာတွင် အချိန်မကုန် ၊ စရိတ်သက်သာစွာဖြင့်တင်ပို့နိုင်မည်ဖြစ်ပါသည်။

လူငယ်များအနေဖြင့်လည်း အလုပ်အကိုင်ရှားပါးမှုနှင့် အချိန်ပြည့်လုပ်ဆောင်ရမည့်အလုပ်မရှိခြင်းတို့ကြောင့် တစ်ခြားဒေသများသို့ သွားရောက်အလုပ်လုပ်နေရခြင်းအပေါ် ကျေးရွာတွင် မြို့ကြီးများသို့ တိုက်ရိုက်ဆက်သွယ်နိုင်ခြင်းဖြင့် ကျေးရွာတွင် စက်မှုလုပ်ငန်းကြီးများ ပေါ်ပေါက်လာနိုင်ပြီး အလုပ်အကိုင် များပေါ်ပေါက်လာနိုင်ပါသည်။

ကျေးရွာတွင် လယ်မြေ(၅၁၇)ဧက ရှိပြီး နွေစပါး၊ မိုးစပါးအကုန်စိုက်ပျိုးနိုင်ပါသည်။ ရေရှိရန်လည်းခက်ခဲမှုမရှိပါ။ မိုဘိုင်းဖုန်းများအသုံးပြုနေကြသဖြင့် ဈေးကွက်လည်းထိုက်သင့်သလောက်သိရှိကြပါသည်။ သို့သော်လည်း လမ်းပန်းဆက်သွယ်မှုအဆင်မပြေသဖြင့် ကျေးရွာထွက်ကုန်များအားကျေးရွာသို့ လာရောက်ဝယ်ယူသော ကုန်သည်များထံသို့ ရသည့်ဈေးဖြင့်ရောင်းချနေရပါသည်။ လမ်းပန်းအခက်အခဲကြောင့်စရိန်ပိုမိုကုန်ကျဖြစ်၍ကုန်သည်များကလည်းဈေးလျှော့ဝယ်ပါသည်။ထို့ကြောင့် လမ်းကောင်းမွန်လာပါက ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်နိုင်မည့် ကျွန်းပတ်တာကြီး ကားလမ်းဖြစ်ရေးမှာ အခြေအနေကောင်းပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

ကျေးရွာလူထု အားလုံးပူးပေါင်းပါဝင်ပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်။

(က.၁)ကျေးရွာမှအဓိကထုတ်ကုန်ဖြစ်သောဆန်စပါးနှင့်အခြားသီးနှံများအားနည်းစနစ်မှန်ကန်စွာစိုက်ပျိုးထုတ်လုပ်ပြီးလုပ်ငန်းဆိုင်ရာနည်းပညာပေးသင်တန်းများတက်ရောက်ပြီးစနစ်တကျထုတ်လုပ်မှုတိုးတက်လာစေရန်

(က.၂)ထွက်ရှိလာသောသီးနှံများအားဈေးနှုန်းအပြည့်အဝရရှိနိုင်ရေးအတွက်မြို့ကြီးများနှင့်ချိတ်ဆက်မိနိုင်သောလမ်းကွန်ယက်ကိုရှာဖွေဖော်ထုတ်ရန်

(က.၃)ကျေးရွာလူထုအသိပညာဗဟုသုတပိုမိုရရှိရန်စာတက်မြောက်ရေးနှင့်ကလေးများ၏ပညာရေး၊ကျန်းမာရေးကဏ္ဍများပိုမိုကောင်းမွန်လာစေရန်

(က.၄)ကျေးရွာတွင်းရှိလက်ရှိလည်ပတ်နေသောငွေကြေးဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်၍ကျေးရွာအတွက်ယခုထက်ပိုမိုကောင်းမွန်သောဝန်ဆောင်မှုရစေမည့်အဖွဲ့များအစီအစဉ်များရရှိစေရန်ဆောင်ရွက်ရေး

(က.၅)ကျေးရွာအတွင်းရှိ အခြေခံအဆောက်အဦများဖြစ်သော လမ်းများနှင့်တံတားများအား ပြန်လည်ပြုပြင်မွမ်းမံခြင်းဆောင်ရွက်ရန်

(က.၆)သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ပျက်စီးဆုံးရှုံးမှုနည်းပါးစေရန် သင်တန်းများသရုပ်ပြမှုများ၊အစီအစဉ်များအားစဉ်ဆက်မပြတ်သိရှိလိုက်နာဆောင်ရွက်သွားကြရန်

(က.၇)လယ်ယာမြေများကိုလည်းခေတ်မီလယ်ယာများပေါ်ထုတ်ပြီးအရည်အသွေးမြင့်သောစိုက်ပျိုးထုတ်ကုန်များထုတ်လုပ်သွာရန်

(က.၈)အထက်ပါ လုပ်ငန်းများဖြစ်ပေါ် အောင်မြင်နိုင်အောင် တက်ကြွစွာ ပါဝင်ဦးဆောင်နိုင်မည့်ကော်မတီတစ်ရပ်ဖွဲ့စည်း၍ကြီးကြပ်ဆောင်ရွက်သွားရန်

## ၇။ ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည်အလွန်အရေးပါသည်။ရေရှည်တည်တံ့မှုရှိရန်အတွက်လည်းတက်ကျွမ်းနားလည်သည့်ဌာနဆိုင်ရာများ၏အကူအညီရရှိရန်လိုအပ်ပါသည်။လုပ်ငန်းများအကောင်အထည်ဖော်ရာတွင်လည်းနိုင်ငံတော်အစိုးရ၏သက်ဆိုင်ရာဝန်ကြီးဌာနများ၏ခွင့်ပြုမိန့်များလည်းမလွဲမသွေလိုမည်ဖြစ်ပါသည်။ကျေးရွာသူ/သားများ၏ရည်မှန်းချက်ပန်းတိုင်များနှင့်အားထုတ်လုပ်ကိုင်မှုများကိုလည်းအချိန်တိုင်းပုံမှန်စိစစ်သွားရန်လိုအပ်ပါသည်။

### (က) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် မိုးစပါး၊ ဆောင်စပါး၊ အခြားသီးနှံများကို စိုက်ပျိုးပါသည်။ စပါးစိုက်ပျိုးရာတွင်ရေကြီးနစ်မြုပ်ခြင်း၊ ရွှေခရုဖျက်ပိုး ကျရောက်ခြင်းသည် အဓိကပြဿနာ တစ်ရပ်ဖြစ်သည်။ ရေကြီးနစ်မြုပ်မှုနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရန် ခေတ်မီလယ်ယာ ဖော်ထုတ်ခြင်းနှင့် ရေစီးရေလာကောင်းမွန်အောင်သက်ဆိုင်ရာအစိုးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရပါမည်။ ဖျက်ပိုးများအန္တရာယ်အတွက်လည်း နှိမ်နင်းရေး ဝန်ဆောင်မှုများလိုအပ်နေပါသည်။ စပါးဈေးနှုန်း ကျဆင်းမှုကြောင့်တောင်သူ များအရှုံးနှင့်ရင်ဆိုင် ရပါသည်။စိုက်ပျိုးနိုင်သောမြေနေရာများ ရှိသေးပြီးဝင်ငွေကောင်းမွန်သောစိုက်ပျိုးရေးများလုပ်ဆောင်နိုင်ရန် နည်းပညာများနှင့် ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများကို

သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပြည်သူတို့ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

### (ခ) ငွေကြေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများတွင် စိုက်ပျိုးရေးချေးငွေ၊မွေးမြူရေးချေးငွေ၊အသေးစားစက်မှု လက်မှု လုပ်ငန်းများအတွက်ချေးငွေနှင့်အိမ်တွင်းမှုစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေများကာလရှည်နှင့် အတိုးနှုန်းသက်သာစွာ ချေးယူရရှိနိုင်ပါက ကျေးရွာဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာနိုင်ပါသည်။ အထူး သဖြင့် လယ်သမားများနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။

### (ဂ) ကျေးလက်အသေးစား စက်မှုလက်မှု လုပ်ငန်းပိုင်းဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်အသေးစား စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့် အလမ်းများ ရရှိပါမည်။ သို့သော် ၎င်းတို့တွင်လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲ ပြားနေသောလုပ်ငန်းများ(ကုန်ထုတ်ခြင်း၊စက်မှု၊လက်မှုလုပ်ငန်းများ) အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ ကျွန်တော် တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ လုပ်နိုင်ရန် အခွင့်အလမ်းများရှိနေပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်းစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက် ရေး အထောက်အကူပြုအဖွဲ့တစ်ခု တည်ထောင်ပြီးမြို့နယ်အဆင့်စီမံခန့်ခွဲမှုအောက်တွင်တစ်နှစ် ပတ်လုံးဝန်ဆောင်မှုရရှိအောင်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင် အချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကိုဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။

### (ဃ) လမ်းပန်းဆက်သွယ်ရေး

ကျေးရွာ ရွာတွင်းလမ်းများမှာ ကျောက်ပြားလမ်းများရှိပြီး ကျောက်ပြားများ ပျက်စီးနေသော ကြောင့် ပွင့်လင်းရာသီမှသာ ဆိုင်ကယ်၊စက်ဘီး၊ များကို အသုံးပြု၍ သွားလာနိုင်ပါသည်။ သွားလာ နေသော ယာဥ်များအားလမ်းခံနိုင်ဝန်သတ်မှတ်ချက်အတိုင်းရွာတွင်းလမ်းများကိုစနစ်တကျခင်းကျင်း ရန်လိုအပ်ပါသည်။ ပြောင်းလဲတိုးတက်လာမှုနှင့် အညီလမ်းများဖွံ့ဖြိုးတိုးတက် လာစေရန်ဆောင်ရွက် ပေးရန်လိုအပ်ပါသည်။

## ၈။ စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသောပန်းတိုင်များသို့ရောက်ရှိရန် ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသောချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်တော်တို့ကျေးရွာသူကျေးရွာသားများသည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲရာတွင်မိမိတို့သိရှိနားလည် သဘောပေါက်သလောက်ရေးဆွဲနိုင်ကြသည်ဖြစ်၍ လုံးဝပြီးပြည့်စုံသောစီမံကိန်းတစ်ခုတော့ဖြစ်မနေနိုင်ပါ။အတွေ့အကြုံဗဟုသုတအမြင်ကျယ်မှုနည်းပါးသည့်အတွက်လိုအပ်ချက်များရှိနေမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော် သက်ဆိုင်ရာအစိုးရဌာနများ၊ ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူပေးနိုင်သည့် အဖွဲ့အစည်းများအားလုံး၏ အကြံဉာဏ်များ၊ နည်းပညာများလုပ်ကိုင်ဆောင်ရွက်ပုံများနှင့် သဘောထားမှတ်ချက်များကိုကျေးရွာလူထုအနေဖြင့်လိုလိုလားလားတက်စွမ်းသမျှအင်တိုင်အားတိုက် ပါဝင်ဆောင်ရွက်ပါမည်ဖြစ်ကြောင်းစီမံရေးဆွဲထားပါသည်။

## (ခ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုမှ နှစ်သက်ရာအမှတ်ပေးအဆင့် ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစား ပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တစ်ချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်အခြားအေဂျင်စီများထံမှလည်း နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသ

**ဦးစားပေးစီမံချက်များ(မယ်ဇလီကုန်းကျေးရွာ)**

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးရွာအဆောက်အဦး | ၁။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင် ရွက်ခြင်း | ၁၀၀ | ၁ | ရွာတွင်းလမ်းကွန်ကရစ်ခင်း ခြင်း ၂( ၁၂၀၀၀'×၁'×၆") ပေ | |
| | ၂။အသိပညာဗဟုသုတကြွယ်ဝလာစေရန် | ၇၀ | ၄ | ကျေးရွာတွင်စာကြည့်တိုက်ရရှိအောင် ဆောင်ရွက်ခြင်း | |
| စိုက်ပျိုးရေး | ကျေးရွာတွင်စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် | ၈၀ | ၃ | ချောင်းကောများတူးဖော်နိုင်ရေးစီမံချက် | |
| ကျန်းမာရေး | ကျေးရွာ၏ကျန်းမာရေးကဏ္ဍတိုးတက်လာစေရန် | ၉၀ | ၂ | ကျေးရွာကျန်းမာရေး၊ဆေးပေးခန်းနှင့်ကျန်းမာရေးဝန်ထမ်းများရရှိအောင်ဆောင်ရွက်ခြင်း | |
| ပညာရေး | ပညာရေးကဏ္ဍတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၆၀ | ၅ | စာသင်ကျောင်းတွင်ကျောင်းသုံးပရိဘောဂရရှိရေးဆောင်ရွက် ခြင်း | |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်း | အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေ ရန် | ၅၀ | ၆ | အသက်မွေးဝမ်းကျောင်းအတက်ပညာနှင့်အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ခြင်း | |

**နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်(မဲဇလီကုန်းကျေးရွာ)**

| စဉ် | စီမံချက် | ဦးစားပေးအဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ၂( ၁၂ဝဝဝ'×၁'×၆") ပေ | ၁ | ✓ | ✓ | | | |
| ၂ | စာကြည့်တိုက်ရရှိအောင်ဆောင်ရွက်ခြင်း | ၄ | | | ✓ | | |
| ၃ | ချောင်းကောများတူးဖော်နိုင်ရေး စီမံချက် | ၃ | | | ✓ | ✓ | |
| ၄ | ကျေးရွာကျန်းမာရေးဆေးပေးခန်းနှင့်ကျန်းမာရေးဝန်ထမ်းရရှိအောင်ဆောင်ရွက်ခြင်း | ၂ | | | ✓ | ✓ | |
| ၅ | စာသင်ကျောင်းတွင်ကျောင်းသုံးပရိဘောဂရရှိရေးဆောင်ရွက်ခြင်း | ၅ | | | | ✓ | ✓ |
| ၆ | အသက်မွေးဝမ်းကျောင်းအတတ်ပညာနှင့်အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင်ဆောင်ရွက်ခြင်း | | | | | | ✓ |

## ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(မဲဇလီကုန်းကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **ကျေးရွာအဆောက်အဦဖိုင်** | | | | | |
| | ●မိုးရာသီသွားလာရေးခက်ခဲခြင်း | ●ကျောက်ပြားလမ်းများအက်ကွဲပျက်စီးနေခြင်း | ●ကျေးရွာမှလုပ်အားဖြင့်ထည့်ဝင်နိုင်ခြင်း<br>●ငွေကြေးအချို့ထည့်ဝင် နိုင်ခြင်း | ●ကျေးရွာတွင်ဆင်းရဲသောအိမ်ထောင်စုများသောကြောင့်ငွေကြေးမတတ်နိုင်ခြင်း | ●ကွန်ကရစ်လမ်းဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းခြင်း<br>●သက်ဆိုင်ရာဌာနများသို့ချိတ်ဆက်တောင်းခံခြင်း | ●ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းစီမံချက် |
| | ●အသိပညာဗဟုသုတအားနည်းခြင်း | ●ကျေးရွာတွင်စာကြည့်တိုက်မရှိခြင်း | ●ကျေးရွာတွင် အလယ်တန်း၊ အထက်တန်း၊ ပညာတတ်မြောက်သူများရှိခြင်း<br>●စာဖတ်ဝါသနာပါသူများရှိခြင်း<br>●စာကြည့်တိုက်ရရှိခြင်းဖြင့်အသိပညာဗဟုသုတများကြွယ်ဝလာ၍ပြဿနာများနည်းပါးလာနိုင်ခြင်း | ●ငွေကြေးမလုံလောက်ခြင်း<br>●စာကြည့်တိုက်ဖြစ်မြောက်ရေးအဆက်အသွယ်ကောင်းများမရှာဖွေတက်ခြင်း | ●သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်ခြင်း | ●ကျေးရွာစာကြည့်တိုက်ဖြစ်မြောက်ရေးအစီအစဉ် |

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(မဲဇလီကုန်းကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၂။ | **စိုက်ပျိုးရေးကဏ္ဍ** | | | | | |
| | ● စိုက်ပျိုးရေအခက်အခဲရှိခြင်း | ● စိုက်ပျိုးရေသွင်းရန်အသုံးပြုသောချောင်းကောနေခြင်း | ● ချောင်းကောများတူးဖော်နိုင်ပါကစိုက်ပျိုးရေအတွက်အဆင်ပြေလာနိုင်ခြင်း<br>● ကျေးရွာမှစိတ်အားထက်သန်မှုရှိခြင်း | ● ငွေကြေးမလုံလောက်ခြင်း | ● သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | ● ချောင်းကောများတူးတူးဖော်နိုင်ရေးစီမံချက် |
| ၃။ | **ကျန်းမာရေးကဏ္ဍ** | | | | | |
| | ● ရပ်ရွာအတွင်းနာမကျန်းဖြစ်ရာတွင်လွယ်ကူနီးစပ်သောဆေးပေးခန်းမရှိခြင်း<br>● ကျန်းမာရေးအသိပညာများအားနည်းခြင်း | ● ကျန်းမာရေးဆေးပေးခန်းနှင့်ကျန်းမာရေးဝန်ထမ်းမရှိခြင်း | ● ဆေးပေးခန်းဖွင့်လှစ်ခြင်းဖြင့်ကျေးရွာနေလူထု၏အသေးစားကျန်းမာရေးအတွက်လုံခြုံစိတ်ချရခြင်း<br>● ကျေးရွာရှိကိုယ်ဝန်ဆောင်များနှင့်နို့တိုက်မိခင်များအတွက်ကျန်းမာရေးစောင့်ရှောက်မှုလွယ်ကူစွာရရှိခြင်း | ● ဆေးပေးခန်းရရှိရန်အဆက်အသွယ်ကောင်းများမဆက်သွယ်တက်ခြင်း<br>● ကျန်းမာရေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်မှုအားနည်းခြင်း | ● ကျေးရွာမှဆေးပေးခန်းမြေနေရာလှူဒါန်း ရန်<br>● ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ဆေးပေးခန်း၊ကျန်းမာရေးဝန်ထမ်းချထားပေးရန်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>● ကျန်းမာရေးအသိပညာပေးဟောပွဲများစီစဉ် ခြင်း | ● ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့်ကျန်းမာရေးဝန်ထမ်းရရှိအောင်ဆောင်ရွက်ခြင်း |

# ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(မဲဇလီကုန်းကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၄ | **ပညာရေးကဏ္ဍ** | | | | | |
| | ● ကျောင်းသား/ကျောင်းသူများ စာသင်ရန် အခက် ခဲ ဖြစ်ခြင်း | ● ကျေးရွာတွင်စာသင်ကျောင်းပရိဘောဂမလုံလောက်ခြင်း | ● ကျေးရွာမှပညာရေးကိုအလေးထားဆောင်ရွက်ခြင်း | ● ငွေကြေးမလုံလောက်ခြင်း | ● သက်ဆိုင်ရာဦးစီးဌာနများ၊အထောက်အပံ့ပံပိုးနိုင်မည့်အဖွဲ့အစည်းများနှင့်ချိတ်ဆက်ခြင်း | ● စာသင်ကျောင်းတွင်ကျောင်းသုံးပရိဘောဂများရရှိရေးစီမံချက် |
| ၅ | **စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းကဏ္ဍ** | | | | | |
